
ဘိုးလှိုင်
(မြန်မာပြန်သည်)
ဦးနှောက်မြူးသူတစ်ယောက်
Sylvia Nasar
A BEAUTIFUL
MIND

# အဖွင့်အမှာ စကား

တကယ်တော့အခန်း(၁)သည် မိတ်ဆက်အမှာ စကား ဖြစ်သော်လည်း အရေးကြီးသော အချက်ကို လေးနက်စေလိုသော စေတနာဖြင့် ဤအမှာ ကိုရေးပါသည် ။

ယခုစာအုပ်တွင် တကယ်ရှိသော လူတစ်ယောက်၏ အတ္ထုပ္ပတ္တိကို မချွင်းမချန် ဖော်ပြထားပါသည် ။

ဝတ္ထုဆန်လှသည် ဟု ထင်မြင်ခဲ့သော် ဝတ္ထုဆိုသည် မှာ ဘဝကိုဖော်ပြသော စာဖြစ်ကြောင်း သတိရစေလိုသည် ။ ဝတ္ထုသည် တကယ့်ဘဝဇာတ်လမ်းဖြစ်နိုင်သည် ။ စိတ်ကူးယဉ်ဇာတ်လမ်းလည်း ဖြစ်နိုင်သည် ။

John Narh အမည်ကို Google သို့မဟုတ် Yahoo တွင် ရိုက်သွင်းပြီး internet တွင် ရှာကြည့်လျှင် အများကြီးထွက်ပေါ်လာမည်။

သင်္ချာဆရာ၊ စီးပွားရေးပညာနိုဗယ်ဆုရှင် ဂျွန်နတ်(ရှ)အဖြစ် ပေါ်ထွက်လာမည်။

John Nash home page သီးသန့်ရှိပါသည် ။ သူ့ကို ဆက်သွယ်နိုင်သော e-mail လိပ်စာနှင့် တယ်လီဖုန်းနံပါတ် ပေးထား၏။

Princeton University mathematics department

ကိုဖွင့်ကြည့်လျှင်လည်း ဂျွန်နတ်(ရှ)ကို ဌာနပိုင် သင်္ချာသုတေသီ (mathematical research fellow) အဖြစ် ဖော်ပြထားသည် ။

ဤပုဂ္ဂိုလ်သည် ၁၉၂၈ ခုဖွားဖြစ်၍ ၂၀၀၈ တွင် အသက်(၈၀) ပြည့်ပေပြီ။

သူ့ဘဝဇာတ်လမ်းကိုဖတ်လျှင် ရသအစုံ ခံစားရသည် ။

သင်္ချာပညာချွန်သူ

မျှော်မှန်းချက်ကြီးသူ

မိဘ ကျောထောက်နောက်ခံကောင်းသူ/မိကောင်းဖခင်သား

ဆရာကောင်းတို့ ၏ အစောင်မ ခံရသူ

မိန်းမတစ်ယောက်ကို တရားမဝင်ပေါင်းပြီး ရလာသောကလေးနှင့် မိန်းမကို လစ်လျူရှုခဲ့သူ

တခြားမိန်းမတစ်ယောက်ကို ချစ်ပြီး လက်ထပ်ယူသူ

အပြိုင်အဆိုင်စိတ်ဓာတ်လွန်ကဲသူ

သူ့အပေါ် မေတ္တာကြီးမားသော မိခင်နှင့် နှမ

ဇနီးကောင်းတစ်ယောက်

လင်ကရူး၊ သားကရူး သောကပွေရသောမိန်းမ

ကာလရှည်ကြာ စိတ်ဝေဒနာခံစားရသူ

သူသံယောဇဉ်ကြီးသော သားနှစ်ယောက်

မိတ်ကောင်းဆွေကောင်းနှင့် ဆရာသမားကောင်းများ

ပညာချွန်သူကို တန်ဖိုးထားသော ပညာရှင်လောက

(အိုင်စတိုင်း၊ ဖွန်နှိုင်းမန်းမှ အစ ပုဂ္ဂိုလ်များ စွာ)

သူကျင်လည်သော နာမည်ကျော်တက္ကသိုလ်များ ။

သာမန်တက္ကသိုလ်ကို ကမ္ဘာကျော်ဖြစ်အောင် အဆင့်မြင့်တင်ကြပုံ။

မိမိနိုင်ငံကို စွန့်ပယ်ရန် အားထုတ်သူနှင့် သူ့ကိုမစွန့်ပစ်ချင်သော နိုင်ငံအစိုးရ။

သူရရှိသော နိုဗယ်ဆုနှင့် ဆုရွေးချယ်ပုံ အတွင်းရေး

အသက် ၆၀ကျော်နှစ်ယောက်၏ မင်္ဂလာပွဲ

စခစ်ဇိုဖရီးနီးယားအမည်ရှိ စိတ်ရောဂါ

စိတ်ရောဂါ ဖိစီးခံရသူ ပညာကျော်၏ ဘဝ။ ကသီလင်တဖြစ်ရသော သူ့မိသားစု။ အကြောင်းအရာစုံလင်ပါသည် ။

အထူးသဖြင့် နတ်ဘုံတမျှ နေချင်စဖွယ်ကောင်းသည် ဟု အချို့သူများ ထင်မှတ်ထားသော အမေရိကန်နိုင်ငံတွင် လူ့ဘဝ၏ ဒုက္ခ 'အတ္တိ' ရှိပါပေတကားဟု သတိပြုဖွယ်။

ဗုဒ္ဓဘာသာမဟုတ်ကြသော်လည်း

**မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ**

ဤအတ္ထုပ္ပတ္တိတွင် သုတ၊ ရသအပေါင်း စုံလင်ပါသည် ။

ဤသုတ၊ ရသ အပေါင်းကို စာဖတ်ပရိတ်သတ်ခံစားစေချင်ပါသည် ။

ထို့ကြောင့် ချင်းတွင်းမဂ္ဂဇင်းတွင် အခန်းဆက်ဖော်ပြနေဆဲဖြစ်သော အတ္ထုပ္ပတ္တိကို စာအုပ်အဖြစ် အမြန်ထုတ်ဝေဖြစ်အောင်

အားထုတ်ခြင်းဖြစ်ကြောင်း ဖော်ပြလိုပါသည် ။

Sylvia Nasar က သုတေသနလုပ်ပြီး ပွင့်လင်းစွာရေးသားသော အတ္ထုပ္ပတ္တိကို A Beautiful Mind ဟု အမည်ပေးထားပါသည် ။ Best seller စာရင်းဝင်သော ထိုစာအုပ်ကို ဘာသာပြန်ဆိုထားကြောင်း ဝန်ခံပါသည် ။

Universal ရုပ်ရှင်ကုမ္ပဏီက ပင်မသရုပ်ဆောင် Rusell Crowe နှင့် ဂျွန်နတ်(ရှ)၏ ဘဝဇာတ်လမ်းကို ရုပ်ရှင်ကား ရိုက်ခဲ့သည် ။ ထိုရုပ်ရှင်ကားက အကယ်ဒမီဆု ၄ ဆုရရှိခဲ့၏။

အတ္ထုပ္ပတ္တိရှင်က သူ့ဘဝကို ဖွင့်ပြသော စာအုပ်နှင့် ရုပ်ရှင်ကို သဘောတူခွင့်ပြုခဲ့ကြောင်းကိုလည်း စာဖတ်ပရိတ်သတ်ကို အသိပေးပါသည် ။

**ဘိုးလှိုင်**
**ရန်ကုန်။ ၃၀-၆-၂၀၀၈**

စာကြွင်း ။ ။ (၁) ဤဘာသာပြန်ရေးသားစဉ် စိတ်ရှည်၊ သည်းခံ၊ အားပေးသော ဇနီးဒေါ်မြမြဆွေကို ကျေးဇူးတင်ပါသည် ။

(၂) မဂ္ဂဇင်းခန်းဆက်ဖော်ပြဆဲ၌ ဤစာအုပ်ထုတ်ဝေပေးသော မုံရွေးစာအုပ်တိုက် (ဆရာကိုတာနှင့် ဦးဝင်းကျော်ထွန်း) ကို ကျေးဇူးတင်ပါသည် ။

******



အခန်း(၁)

ဤဓာတ်လမ်းသည် တကယ့်လူသားတစ်ယောက်၏ ဘဝ ဖြစ်၏။

ဂျွန်နတ်(ရှ)ဆိုသော လူထူးတစ်ယောက် နှစ်ဆယ်ရာစုတွင်

ပေါ်ထွန်းခဲ့သည် ။ နှစ်ဆယ့်တစ်ရာစုအထိ သူအသက်ရှင်နေဆဲဖြစ်သည် ။

သူ့နာမည် အပြည့်အစုံက John Forbes Nash, Junior.

'ပေါက်သည် ' ဆိုသော မြန်မာစကား၏ အဓိပ္ပာယ်အလွန်ကြီးသည် ။ ပုဂ္ဂိုလ်ထူးတို့ 'တရားပေါက်' သည် ။ ဘိုးတော် 'ထွက်ရပ်ပေါက်' သည် ။ လောကီကို 'ဖောက်' ပြီး မြတ်သော ဘဝရောက်သူကို 'ပေါက်' သည် ဟု သုံးနှုန်းသည် ။

ရုပ်ရှင်မင်းသမီး၏ ပွဲဦးထွက်ဇာတ်ကား စွံလျှင်လည်း 'ပေါက်သည် ' ဟု ပင် ဆိုကြပြန်၏။ အဆိုတော်၏ ဓာတ်ပြားရောင်းကောင်းလျှင်လည်း 'ပေါက်'။

ခေတ်လူငယ်တို့ ပြောလေ့ရှိသည် ။ "သူက ခပ်ပေါက်ပေါက်ရယ်"။ "အဲဒီကောင်က ပေါက်နေတာ"။ ယဉ်သော ဘန်းစကားဖြစ်သည် ။ 'ရူးနေသည် ' ဆိုလိုရင်း ဖြစ်၏။ အရူးသည် သူလိုကိုယ်လိုမဟုတ်။ တွေးရိုးတွေးစဉ် မတွေး။ စိတ်ဖောက်သည် ။ 'ဖောက်' နှင့် တွဲသော် 'ပေါက်' ၏ အဓိပ္ပာယ်ပေါ်၏။

ဂျွန်နတ်(ရှ)သည် 'ပေါက်' သူ ဖြစ်၏။ ကောင်းသောပေါက်ခြင်းဖြင့် ပေါက်သည် ။ မကောင်းသော ပေါက်ခြင်းဖြင့်လည်း ပေါက်သည် ။ နှစ်မျိုးပေါက်သူသည် ဤလောကတွင် ရှားမှ ရှား။

နတ်(ရှ)သည် သင်္ချာပညာကျော် ဖြစ်၏။ ထိပ်တန်းတက္ကသိုလ်ကြီး မှာ သင်္ချာပါမောက္ခ ဖြစ်၏။ တခြားသင်္ချာဆရာတွေ တွက်မရသော အဖြေကို သူက 'မြင်' သည် ။ ဖောက်ထွင်းမြင်သော အမြင် ဖြစ်၏။ သူများ တွေ မကိုင်သော သင်္ချာနယ်ကို သူဝင်သည် ။ သဘောတရားသစ်ကို တွေ့၏။

ပညာစကားနှင့် ဆိုလျှင် သီအိုရီအသစ်ဖြစ်သည် ။ ထို့ကြောင့် နတ်(ရှ)သည် 'ပေါက်' သော သင်္ချာဆရာ။

မကောင်းသော ပေါက်ခြင်းဖြင့်လည်း ပေါက်ပြန်၏။ ၁၉၅၉ ခုနှစ်က ဖြစ်ရပ်ကလေးတစ်ခုကို ဤသို့ကြားသိရသည် ။

ဂျွန်နတ်(ရှ)က ဧည့်သည် ကို ကောင်းကောင်း မွန်မွန် လက်ခံစကားပြောနေသည် ။ သူ့အဝတ်အစားက ဘိုသီဘတ်သီနှင့် ။ နေရာက ဆေးရုံဧည့်ခန်းဆောင်ဖြစ်သည် ။ ဧည့်သည် က သားသားနားနားပုဂ္ဂိုလ်။ ဧည့်သည် အမည်က ဂျော့မက်ကီး၊ ဟားဗတ်တက္ကသိုလ်မှ သင်္ချာပါမောက္ခ ဖြစ်သည် ။ နတ်(ရှ)နှင့် လုပ်ဖော်ကိုင်ဖက် လူရင်းတစ်ယောက်။

"ဘယ်လိုလဲ ကိုယ့်လူရယ် မင်း သင်္ချာသမားပဲကွာ။ ယထာဘူတကျအောင် တွေးတဲ့ ပညာ၊ ရှေ့နောက်ညီတဲ့ ဆင်ခြင်တွေးတောပုံ အထူးပြုတဲ့ လူ။ မင်းဒီပညာ လိုက်စားလျက်နဲ့ ဘယ်လို ဖြစ်ကုန်တာလဲ။ နတ်တွေ တမလွန်သားတွေက မင်းနဲ့ လာစကားပြောတယ်ဆိုတာ ဘယ်လိုလုပ် ယထာဘူတကျနိုင်မလဲကွာ။ ကဲ ဆိုစမ်းပါဦး။ နတ်စကားသံ မင်းကြားရပုံလေး။ ငါယုံအောင် ပြောစမ်းကွာ။"

နတ်(ရှ)က မျက်တောင်မခတ်။ ကြောင်ပြီးစိုက်ကြည့်နေသည် ။ "ကျွန်တော် တကယ်ကြားတာပါ။ ကျွန်တော့်ခေါင်းထဲမှာ သင်္ချာအတွေးတွေ ဝင်လာတုန်းက ပုံစံအတိုင်းပဲ။ နတ်စကားသံတွေလည်း ခေါင်းထဲဝင်နေတယ်။ ကျွန်တော်တော့ တကယ်ထင်တာပဲ။"

ဆေး ရုံ ဧ ည့် ခ န်း မှာ တွေ့ကြသည် ဟု ဆိုသော်လည်း

စိတ်ကျန်းမာရေးဆေးရုံဖြစ်သည် ။ စိတ်ကျန်းမာရေးဆေးရုံဖြစ်သည် ။ စိတ်ကျန်းမာရေးဆေးရုံဟု ယဉ်အောင်သုံးထားသည် ။ ရှေးက "အရူးထောင်" ဟု မြန်မာတွေ သုံးနှုန်းခဲ့ဖူးသည် ။ နတ်(ရှ)ရောက်နေသော နေရာသည် အရူးထောင် ဖြစ်၏။ ယခုမြင်ကွင်းတွင် ပါမောက္ခညွှန့်သည် နှင့် ကောင်းကောင်း မွန်မွန် စကားပြောနေသော်လည်း တစ်ချိန်က သူ့ကို သံခြေကျင်းခတ်၊ လက်ထိပ်ခတ်ထားရသည် အထိ အရူးကြမ်းခဲ့သည် ။

သို့သော် ဂျွန်နတ်(ရှ)သည် သာမန်အရူးမဟုတ်။ ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခဖြစ်သည် ။ သင်္ချာပညာကျော်ဖြစ်သည် ။ ၂၀ရာစုတွင် ရှားရှားပါးပါး ထွန်းသည့် သင်္ချာကြယ်ဖြစ်သည် ။ နယူတန်၊ အိုင်စတိုင်း၊ ဖွန်န်ွိုင်းမန်း၊ နိုဗာ့ဗီနာတို့ နှင့် တစ်တန်းတစ်စားတည်း စာရင်းသွင်းရမည့် ပါရမီရှင် ဖြစ်သည် ။

နတ်(ရှ) ချွန်ထွက်သော ပညာနယ်တွေက စုံသည် ။ ဂိမ်းသီအိုရီ၊ အက္ခရာသင်္ချာခံ ဂျီဩမေတြီ၊ ကွေးလိမ်သီအိုရီ၊ ပညာနယ်တွေမှာ သူ့တွေ့ရှိချက်များက မည်မည်ရရဖြစ်သည် ။ သူ့ပညာကို အရပ်သားနားလည်အောင် ပြောဖို့ မဖြစ်နိုင်။ ထိပ်ထိပ်ကျဲ သင်္ချာပဂေးတို့ ၏ အရာသာဖြစ်သည် ။ ဂိမ်းသီအိုရီသည် ကစားပွဲတွင် ဖြစ်မြဲသဘာဝကို သင်္ချာနှင့် သရုပ်ခွဲသော တရား ဖြစ်၏။

၁၉၅၈ ခုနှစ်တွင် ဖော်ကျွန်းမဂ္ဂဇင်းကြီးက နတ်(ရှ)၏ ဂိမ်းသီအိုရီကို အကြီးအကျယ် မွှမ်းသော ဆောင်းပါးဖော်ပြ၏။ ဈေးကွက်သည် ရောင်းသူဝယ်သူတို့ ကစားသောဂိမ်း ဖြစ်၏။ လူမှုဆက်ဆံရေးသည် လည်း ဂိမ်းတစ်မျိုးဖြစ်သည် ။ ကောင်ကလေးက ကောင်မလေးကို ချစ်ရေးဆိုမည်။ ဘယ်လိုနည်းဗျူဟာနှင့် ချဉ်းကပ်မည်နည်း။

မိန်းကလေးကကော ဘယ်လို တုံ့ပြန်မည်နည်း။ ကောင်ကလေးက နောက်တစ်ဆင့် ဘာလုပ်မည်နည်း။ ဤကား နှစ်ယောက် ကစားသောဂိမ်း Two player game ဖြစ်သည် ။

အသက်နှစ်ဆယ်ကျော်စ ငယ်ငယ်ရွယ်ရွယ်နှင့် ဂျွန်နတ်(ရှ)သည် ဂိမ်းသီအိုရီနှင့် ပေါက်၏။ သင်္ချာလောကတွင် ဟိုးလေးကျော်သည် ။ စီးပွားရေးပညာရှင်များက စိတ်ဝင်စားသည် ။ အသုံးချဖို့ စိတ်ကူးကြ၏။ စစ်ရေးမဟာဗျူဟာ ကြိုးကိုင်ပုဂ္ဂိုလ်များက နတ်(ရှ)ကို တိုင်ပင်ကြ၏။ စစ်ရေးမဟာဗျူဟာသည် ဂိမ်းတစ်မျိုး မဟုတ်ပါလား။ နိုင်ငံရေးမဟာဗျူဟာ ဆရာများကလည်း ဂိမ်းသီအိုရီကို သုံးကြည့်ကြသည် ။

သို့သော် အသက်သုံးဆယ်ကျော်ကျော်တွင် ဂျွန်နတ်(ရှ) ပေါက်ပြန်သည် ။ ဤအကြိမ်မှာ စိတ်ဖောက်ပြန်သည် ။ ဆေးရုံရောက်သည် ။ ထိုမတိုင်မီတွင် ရဲနှင့် အမှုအခင်းဖြစ်သေးသည် ။

သူ့ မှာ ချစ်သူတွေရှိသည် ။ မိသားစုရှိသည် ။ နတ်(ရှ) စိတ်ဖောက်ပြန်သဖြင့် သူ့မိသားစု၏ ဘဝ ဝမ်းနည်းဖွယ်ဖြစ်သည် ။ ဆွေးစရာဇာတ်လမ်းပေါ်လာသည် ။

သို့သော် - သို့သော်

နတ်(ရှ) သည် သာမန်အရူးမဟုတ်။ ထူးသောအရူး။

တတိယအရွယ်ရောက်ခါနီးတွင် ပြန်ကောင်းလာသည် ။

ထိုမျှမကသေး -

၁၉၉၄ ခု အောက်တိုဘာလ ပထမပတ်တွင် ဖြစ်၏။ ပရင်စတန်တက္ကသိုလ်တွင် သင်္ချာဆွေးနွေးပွဲ Seminar တစ်ခုရှိသည် ။

ဂျွန်နတ်(ရှ) တက်၏။ သူ့မိတ်ဆွေ လုပ်ဖော်ကိုင်ဖက် သင်္ချာပါမောက္ခ ဟာရိုးခွန်းက ဆွေးနွေးပွဲမတိုင်မီ ဖုန်းဆက်ပြီး နတ်(ရှ)နှင့် အချိန်းအချက်လုပ်၏။

"ဆမီနာပြီးရင် ကျုပ်တို့ နေ့လယ်စာအတူစားရအောင်။ ခင်ဗျားကို ပြောစရာရှိတယ်"

"ကောင်းပြီ။ ကြိုက်တဲ့ ဆိုင်ခေါ်ပါ" နတ်(ရှ)က သဘောတူသည် ။

ဆမီနာကိစ္စ ပြီးသောအခါ ခွန်းက နတ်(ရှ)ကို ကျောင်းစားသောက်ဆိုင်သို့ ခေါ်သွား၏။ လူရှင်းသော စားပွဲမှာ ထိုင်ကြသည် ။

"ဂျွန် ကိုယ်ပြောမဲ့စကားက သတင်းဦးသတင်းထူး မင်္ဂလာသတင်း"။

နတ်(ရှ)က ခွန်းကိုမကြည့်၊ ဘေးကိုငေးပြီး နားထောင်နေသည် ။

"ပြောလေ၊ ဘာသတင်းလဲ သိချင်ပါတယ်"။

"ခင်ဗျား နိုဗယ်ဆုရတယ်"

"မဟုတ်က ဟုတ်ကဗျာ"

"မကြာခင် ဖုန်းဆက်အကြောင်းကြားမယ်တဲ့ ။ ဆွီဒင်သိပ္ပံအကယ်ဒမီကြီးရဲ့ အထွေထွေအတွင်းရေးမှူးချုပ်က ဖုန်းခေါ်လိမ့်မယ်။ စီးပွားရေးပညာအတွက် ဒီနှစ် နိုဗယ်ဆု ဂျွန်နတ်(ရှ)ကို ပေးတဲ့ အကြောင်း တရားဝင်ပြောလိမ့်မယ်။ သူတို့ က ခင်ဗျားကို ပြောထားနှင့်ပါလို့ (ကိုယ့်ကို) ပြောလာလို့ ခု သတင်းပေးရတာ။"

တောက်ပရာမှ အမှောင်လွှမ်းသွားသော ဂျွန်နတ်(ရှ)၏ ဘဝသည် ပြန်လည်ပြီး လင်းလက်လာ၏။

တကယ်ထွေပြားသော ဘဝတစ်ခု။

ဦးနှောက်မြူးသူတစ်ယောက်။

ထက်သောဉာဏ်၊ အဝိဇ္ဇာလွှမ်းခံရသောဉာဏ်။

လူသားပီသသူ။ အချစ်၊ အမုန်း၊ အိမ်ထောင်ရေး၊ သားရေးသမီးရေး။

ပညာကျော်တို့ ပျော်စံရာ ပရင်စတန်၊ ဟားဗတ်၊ အမ်အိုင်တီတက္ကသိုလ်များ ၊ ကျောင်းသားမရှိ ပညာပဂေးကြီးများ ချည်းထင်ရာလုပ်ခွင့်ပေးထားသော ပရင်စတန်အင်စတီကျူ့တို့ ၏ ပတ်ဝန်းကျင်။

စစ်အေးတိုက်ပွဲကြီးနှင့် ပညာတတ်လောက။

ငွေကြေးကိစ္စ၊ ရောဂါဘယ၊

ဂျွန်နတ်(ရှ)၏ ဘဝကား အသွင်စုံသည် ။

ဝတ္ထုမဟုတ်သော ဝတ္ထုတစ်ပုဒ်ဖြစ်ပေသည် ။

**ဖြည့်စွက်** ။ ။ John Nash ၏ ဘဝကို သရုပ်ဖော်သော "A Beautiful Mind" သည် အကယ်ဒမီလေးဆုရသော ရုပ်ရှင်ကား ဖြစ်၏။ မင်းသား Russell Crowe နှင့် မင်းသမီး Jeniffer Connelly တို့ တွဲဖက်သရုပ်ဆောင်ပြီး ဒါရိုက်တာ Ron Howard စီစဉ်ရိုက်ကူးသော ဇာတ်ကားကို Universal ရုပ်ရှင်က ထုတ်လုပ်သည် ။

******